# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၆၄)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၉–၈–၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)


ယနေ့ဖတ်စရာ

အညွှန်း

ဖရန့်ခ်ကတ်ဆီကို ခေါ်ယူရန် ဂျူပင်တပ် အသင်း ကမ်းလှမ်း

စာမျက်နှာ ၁၁

---

အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းပေါ်ဆန်းစမ်းသပ် စိုက်ခင်း တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

စာမျက်နှာ ၁၃

---

အိန္ဒိယ၏ အာကာသကဏ္ဍ-ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အရှိန်ယူပျံသန်းရာ စခန်းတစ်ခု(ဆောင်းပါး)

စာမျက်နှာ ၁၄


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

## နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့်အခြေအနေများဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် H.E. Mr. Tor Saralamba သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ သို့ ✰



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba အား လက်ခံတွေ့ဆုံစဉ်။

# နည်းပညာကျွမ်းကျင်လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းနှင့် ချိတ်ဆက်နိုင်ရေး Project Show နှင့် Talk Show ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

Talk Show အစီအစဉ်သည် ပညာရေးနှင့် လုပ်ငန်းခွင်အကြား ချိတ်ဆက်မှုကို နားလည်စေပြီး အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ငန်းခွင် လိုအပ်ချက်များနှင့် လက်တွေ့အတွေ့အကြုံများကို တိုက်ရိုက် မျှဝေပေးနိုင်မည်ဖြစ်သလို သင်ယူထားသော ပညာရပ်များကို လက်တွေ့အသုံးချပြီး Project များမှတစ်ဆင့် စက်မှုလက်မှု

စာမျက်နှာ ၃ သို့ ❖



# တပ်ကုန်းမြို့နယ်၌ ဖူးစားပြောင်းလျာထားဧကထက် ဧက ၈၀၀ ကျော်လွန် စိုက်ပျိုးနိုင်

တပ်ကုန်း ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ဖူးစားပြောင်း ဧက ၁၆၇၀ လျာထားစိုက်ပျိုးကာ ယနေ့အထိ ၂၅၈၃ ဧက စိုက်ပျိုးပြီးစီးသဖြင့် ဖူးစားပြောင်းကို လျာထားဧကထက် ဧက ၈၀၀ ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖော့ငမြှောင်တောင်ပိုးကျရောက်မှုကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ

စာမျက်နှာ ၃ သို့ ★

| ယနေ့ မိုးလေဝသ (၂၉-၈-၂၀၂၆) | နေပြည်တော်နှင့် အနီးတစ်ဝိုက် | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | မန္တလေးမြို့နှင့် အနီးတစ်ဝိုက် |
|---|---|---|---|
| | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ |

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ စနေနေ့။
မန္တလေး နေ့စဉ်

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိ

နိုင်ငံ့လူဦးရေ၏ ၆၉ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ရာ ကျေးလက်ဒေသရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးလာစေမှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားမြင့်မားရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်မြှင့်တင်ရေးကို ဦးတည်ချက်ထား၍ ဦးစားပေးလုပ်ငန်းစဉ်အဖြစ် မဟာဗျူဟာများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဩဂုတ် ၂၇ ရက်နံနက်ပိုင်းက ရုံးအမှတ်(၁၆)၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင်ပြောကြားခဲ့သည်။

စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ်ကောင်းမွန်သောကျေးရွာများ၊ ခေတ်မီစနစ်ကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် ကျေးရွာများဖော်ဆောင်သည့်အခါမှာလည်း ကော်မတီဝင်ဌာနများမှ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာနှင့် လူသားအရင်းအမြစ်များကို တစ်ဦးတစ်ယောက်ချင်း သီးခြားဆောင်ရွက်ပါက အခက်အခဲနှင့် အဆင်မပြေမှုများရှိနိုင်ပါကြောင်း၊ ဒါကြောင့် သမဝါယမစနစ်ဖြင့် စနစ်တကျ စုပေါင်းဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ လွယ်ကူလျင်မြန်၍ လေလွင့်ဆုံးရှုံးမှုကို လျှော့ချနိုင်ပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးမီ ပိုမိုထုတ်လုပ်လာနိုင်မှာဖြစ်ပါကြောင်း၊ ဒေသထွက် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိလာစေရေးတို့ကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်၊ သဘာဝဘေးအန္တရာယ်ခံနိုင်အောင် ကြိုတင်မျှော်တွေးဆောင်ရွက်ကြရန်၊ ကျေးလက်နေပြည်သူများ၏ အကျိုးကို အစဉ်ရှေးရှုပြီး တိုက်ရိုက်အကျိုးရရှိစေနိုင်မည့် လုပ်ငန်းများကိုဆောင်ရွက်ကြရန်၊ ဆောင်ရွက်သည့်အခါတွင်လည်း မိမိတို့ တစ်ဖွဲ့တည်းဆောင်ရွက်၍ မရနိုင်တာကြောင့် ပြည်သူလူထု စုပေါင်းအင်အားများကို ရယူပြီး Onwership Mindset ရှိအောင် ကြိုတင်ဆောင်ရွက်ပေးရန်နှင့် ကော်မတီဝင်ဌာနများမှ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပေးကြလိုကြောင်း ပြောကြားသည်။

ကော်မတီဝင် ဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတူတကွဆွေးနွေးညှိနှိုင်းအတည်ပြုနိုင်ရေး ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**မန္တလေး ဩဂုတ် ၂၈**

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် ကုသိုလ်ပြုရေးအတွက် ဘုရား၊ စေတီများသို့ သွားရောက်ဖူးမြော်လျက်ရှိရာ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား၌ ယနေ့ ဝါခေါင်လပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အနယ်အနယ် အရပ်ရပ်မှ လာရောက်သည့် ဘုရားဖူးလာပြည်သူများအနေဖြင့် ဘုရားဝတ်ပြုခြင်း၊ ဓမ္မစကြာများ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အကြွေစေ့ပစ်၍ဆုတောင်းခြင်း၊ ဘုရားပန်းကပ်လှူခြင်းနှင့် ငှက်များအား ဘေးမဲ့လွှတ်ပေးခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရားရှိ ဂေါပကအဖွဲ့တာဝန်ရှိသူများက ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပြီး အလှူရှင်များက စတုဒိသာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝ၅ဝ)

## မန္တလေးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး ဩဂုတ် ၂၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၁၇၉ ကျပ်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကားရောင်းချမည့် ဈေးနှုန်းများကိုလည်း ရန်ကုန်အထိုင်ဈေးပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးပေါ်အခြေခံ၍ မြို့တွင်း သယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများကို သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ၈၅၀၀ ကျပ်၊ မိတ္ထီလာမြို့၌ ၈၃၂၀ ကျပ်၊ ရမည်းသင်းမြို့၌ ၈၂၉၀ ကျပ်၊ ကျောက်ဆည်မြို့၌ ၈၄၅၀ ကျပ်၊ ပြင်ဦးလွင်မြို့၌ ၈၅၄၅ ကျပ်၊ မြင်းခြံမြို့၌ ၈၅၇၅ ကျပ်နှင့် ညောင်ဦးမြို့၌ ၈၄၈၀ ကျပ်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ

## မဟာမုနိဘုရားဖူးလာပြည်သူများအား စတုဒိသာအာဟာရဒါန ဖက်ထမင်းထုပ်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး မဟာမုနိဂေါပကအဖွဲ့အနေဖြင့် ရှေးအစဉ်အလာမပျက် နေ့စဉ်မျက်နှာတော်သစ်ရောင်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များ ဆက်ကပ်လှူဒါန်းခြင်း နိဗ္ဗုဒ္ဓပြုမြဲအလှူတော်မင်္ဂလာအား ၁၃၃၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ နံနက် ၄ နာရီခွဲအချိန်မှ စတင်၍ ဝတ်ဖြည့်ဆောင်ရွက်လျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

(အောက်ယာပုံ)

အဆိုပါဘုရားဖူးပြည်သူများအား တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ကကြီးမှူး၍ ခရိုင်၊မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင်များက စတုဒိသာအာဟာရဒါန ဖက်ထမင်းထုပ် ၃၀၀၀ ကို တိုင်းဒေသကြီး အသင်းဥက္ကဋ္ဌ ဦးမိုးဇော်ထွန်းနှင့် အသင်းဝင်များက လှူဒါန်းကြရာ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးမြတ်ကိုက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)



## အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းအစီအစဉ် (ဆင့်မအကြိမ်) ကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်ကျင်းပသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းအစီအစဉ် (ဆင့်မအကြိမ်)ကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်ပင်မဆောင်ရှေ့တွင် ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမရပူရမြို့နယ်အမှတ်(၁) ဦးဇော်အောင်ထက်၊ အမှတ်(၂) ဒေါ်စောမြိုင်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာနှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းလုပ်ပျိုဖြူများက အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာအသိပညာပေးတေးသီချင်းများနှင့် Performance များဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဆောင်ရွက်၍ နိုင်ငံကျော်ဇာတ်မင်းသား၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အောင်ဇဗ္ဗူ၊ နိုင်ငံကျော်အဆိုတော် ရဲထွဋ်ကျော်၊ ယွန်းမီ၊ ခိုင်မာလာ၊ မြဲမြန်ဟိန်းနှင့်တေးသံရှင်များက ဖျော်ဖြေခဲ့ကြသည်။ (ဓဲပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်ပြုလုပ်လျက်ရှိသော အမှိုက်စနစ်တကျစွန့်ပစ်ရေး လုပ်ငန်းအစီအစဉ်များကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအထိ အပတ်စဉ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ဦးစွာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၊ ဂုဏ်ပြုဆောင်ခန်းမကြီးသို့ရောက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ထိုင်းနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် ထိုင်းနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံသည် ကောင်းမွန်သောသံတမန်ဆက်ဆံမှုများနှင့်အတူ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ခွဲခွာ၍မရသော အပြန်အလှန်နားလည်ယုံကြည်ရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံသည် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူစဉ်။

**သံအမတ်ခန့်အပ်လွှာ ပေးအပ်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။

❖ နည်းပညာမှ

စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက် နည်းပညာနှင့် လူမှုဘဝအတွက် အကျိုးရှိမည့် ဖြေရှင်းချက်များ ဖန်တီးပေးနိုင်မည်ဖြစ်ရာ ယနေ့တွင် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) တွင် Project Show နှင့် Talk Show များ ကျင်းပဆောင်ရွက်ခဲ့သည်။

ပြပွဲတွင်ဘာသာရပ်နယ်ပယ်အလိုက် Project စုစုပေါင်း ၁၉ ခု ခင်းကျင်းပြသထားပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လဲ့လဲ့သိန်း၊ ပညာရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက နည်းပညာ၊ ဆန်းသစ်တီထွင်မှု (Innovation) နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) တို့သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် Artificial Intelligence (AI)၊ Digital Technology၊ Automation၊ Smart Systems နှင့် Green Technology စသည့်နည်းပညာများသည် လုပ်ငန်းခွင်နှင့် လူမှုဘဝတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာသည့်အတွက် ကျောင်းသားကျောင်းသူများအနေဖြင့် သင်ယူထားသောပညာရပ်များကို လက်တွေ့အသုံးချနိုင်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကလည်း အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ခေတ်သစ်လုပ်ငန်းခွင်အတွက် အင်ဂျင်နီယာနည်းပညာရှင်တစ်ဦး၏ မကုန်ဆုံးနိုင်သော လေ့လာမှုခေါင်းစဉ်ဖြင့်Panel Discussion ဆွေးနွေးခြင်း၊ China Harbour Engineering Company Limited (CHEC) ကုမ္ပဏီအကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ မိတ်ဆက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ အင်ဂျင်နီယာ ဘာသာရပ်အလိုက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ တပ်ကုန်းမြို့နယ်မှ

အသိပညာပေးလျက်ရှိပြီး ဖူးစားပြောင်းသီးနှံကို တောင်သူများ သီးသန့်စိုက်ပျိုးကြသည့်အပြင် သီးညှပ်လည်းစိုက်ပျိုးကြကြောင်း၊ ဖူးစားပြောင်းသီးနှံသည်ကုန်ကျစရိတ်သက်သာကြောင်းနှင့် ပြောင်းရိုးများကို ကျွဲ၊ နွားစာအဖြစ် အသုံးပြုရသည့်အတွက် စိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြစ်သားမြို့နယ်၌ COVID-19 ရောဂါ Pfizer Lp. 8.1 ကာကွယ်ဆေးများထိုးနှံပေး

**မြစ်သား ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ပြည်သူများအား COVID-19 ရောဂါ Pfizer Lp. 8.1 ကာကွယ်ဆေးများထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်းတွင် ထိုးနှံပေးခဲ့သည်။

COVID-19 ရောဂါ Pfizer Lp. 8.1 ကာကွယ်ဆေးများထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်အထက် ပြည်သူများကို ကာကွယ်ဆေးတစ်လုံးလျှင် ခြောက်ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိရာ ကျန်းမာရေးဆရာမများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းနှင့် စာရင်းမှတ်တမ်းများ ရေးသွင်းကောက်ယူခြင်းတို့ကိုစနစ်တကျ ဆောင်ရွက်ပေးကာ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရန်နှင့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရန် အသိပညာပေးနှိုးဆော်ခြင်းနှင့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက လူစည်ကားရာ နေရာများနှင့် စာသင်ကျောင်းများတွင် လိုက်လံဆောင်ရွက်ခဲ့သည်။

မြို့နယ်အတွင်းရှိ ဈေးများအတွင်း ဈေးသည်များ ရောင်းချနေသော အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှုရှိအောင် ရောင်းချရန်နှင့် ခြင်၊ ယင်များ မနားစေရန်၊ လတ်ဆတ်သော အစားအသောက်များသာ ရောင်းချရန်၊ သန့်ရှင်းသောရေကို သောက်သုံးရန်၊ လက်၊ အိမ်သာသန့်ရှင်းစွာ ထားရှိရန်၊ မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများဖြစ်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိလိုက်နာစေရန်အတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သဲသဲ(ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲ ပိုင်းတို့တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်တို့၌ ပြုလုပ် သည့် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉)တို့၏ စစ်လက်ရုံးရွေးချယ်ပွဲ သို့ တက်ရောက်စိစစ်ရွေးချယ် သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲ သို့ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်အတူ ကာကွယ်ရေးဦးစီး ချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သက်ဆိုင်ရာ ကျောင်းအုပ် ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်း များအား တစ်ဦးချင်းစီ တွေ့ဆုံ မေးမြန်း၍ စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန် ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစား အားထုတ်မှုများ၊ နည်းပညာ ဘာသာရပ်ပိုင်း ဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်း ဆိုင်ရာတို့တွင် နှစ်အလိုက် ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ၎င်းတို့ စိတ်ပါဝင်စားမှုများအပေါ် မူတည် ၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ် ပေးခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၉)နှင့် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

ထို့အပြင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် တပ်မတော် အရာရှိကြီးများသည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းရှိဗိုလ်လောင်း စားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်း များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၊ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့ညနေ ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ သွားရောက် ၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ် ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက် ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအား လိုက်လံ ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံ တပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ပေးအပ်

ထို့နောက် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအား လိုက်လံ ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါ ဖြစ်ပွားမှု၊ ဆေးကုသနေမှုအခြေ အနေများ၊ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြား ကာ စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ် သည်။



## စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆေးရုံ တက်ရောက်ဆေးကုသ မှုခံယူနေသူတစ်ဦးအား မေးမြန်း အားပေး စကားပြောကြား ကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အလားတူ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် သားဖွားမီးယပ် နှင့် မွေးကင်းစကုသဆောင်သို့ သွားရောက်၍ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မွေးလူနာ များကို တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာ များ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်း အိမ်ရာ တည်ဆောက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ်နှင့် စစ်ရေးချုပ် တို့က ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်း အိမ်ရာ အဆောက်အအုံများ တိုးချဲ့တည် ဆောက်လျက်ရှိမှု၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များနှင့် မိသားစု ဝင်များအား နေရာချထားပေး လျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက် လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်း ဟောင်းများနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ရှင်းလင်းတင်ပြမှုများ အပေါ် တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်က အဆောက်အအုံများ တည်ဆောက် ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှု ရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှု ရှိစေရေး စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်၊ အထပ်မြင့် အဆောက်အအုံများကို သဘာဝ ဘေးအန္တရာယ် ကာကွယ်နိုင် အောင် စနစ်တကျတွက်ချက် ဆောက်လုပ်သွားရန်၊တည်ဆောက် ပြီးစီးသည့် အိမ်ရာများ၌ စစ်မှု ထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာ ချထားပေးသွားရန်၊ ပြောင်းရွှေ့ ရောက်ရှိလာမည့် စစ်မှုထမ်း ဟောင်းများနှင့် မိသားစုများ အဆင်ပြေစွာဖြင့် အဆင်သင့် နေထိုင် စားသောက်နိုင်ရေး အတွက် အခြေခံစားကုန်ပစ္စည်း များ၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို ကြိုတင် ဖြည့်ဆည်း စီမံဆောင်ရွက် ပေးထားရန်နှင့် အခြားလိုအပ် သည်များ လမ်းညွှန်မှာကြား သည်။

ထို့နောက်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်းများအတွင်း လက်ရှိ နေထိုင်လျက်ရှိသူများနှင့် ထပ်မံ ရောက်ရှိလာမည့် စစ်မှုထမ်း ဟောင်းများနှင့် မိသားစုများ အတွက် အဆင်ပြေစွာ အဆင်သင့် နေထိုင်စားသောက်နိုင်ရေး အခြေခံ စားသောက်ကုန် ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများ နှင့် အိမ်သုံးပရိဘောဂပစ္စည်းများ ကြိုတင်ဖြည့်ဆည်းဆောင်ရွက် ပေးထားမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာ တွင် နေထိုင်နေကြသည့် စစ်မှု ထမ်းဟောင်းများ၊ မိသားစုဝင်များ အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချုတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၈

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချုတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင် အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်လုံခြုံရေး အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု တားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် သတင်းအချက်အလက် လုံခြုံရေး နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဂိတ်များနှင့် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ်များ၊ အာဆီယံဒေသတွင်းထိတွေ့ဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချုတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (ဝဲပုံ)

ဂုဏ်ပြု ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် မစ္စတာ ချတ်ချိုင် ဘန်ချုတ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး ညစာ သုံးဆောင်စဉ် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ဧည့်သည်တော်တို့က အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၆ ရက်တွင် ရောက်ရှိကာ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၊ နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် ရတနာဆင်ဖြူတော် အဆောင်ရှိ ဆင်ဖြူတော်များအား သွားရောက်လေ့လာကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအားလည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အားလည်းကောင်း သွားရောက် ဖူးမြော်ကြကာ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်




နေပြည်တော် ဩဂုတ် ၂၈

(၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမား ဝန်ကြီးများ အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးများကို "Advancing ASEAN Human Capital: Skills Certification towards Global Recognition" ခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ၃၅၇ သန်းရှိသော လုပ်သားအင်အားသည် "သုံးထပ်ကွေ့ အပြောင်းအလဲ" (Triple Transition) ဖြစ်သည့် - လျင်မြန်သော ဒီဂျစ်တယ်စနစ်ကူးပြောင်းမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းမှုနှင့် လူဦးရေဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို ရင်ဆိုင်ဖြတ်သန်းနေကြောင်း။

ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ ဒီဂျစ်တယ်နည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစိမ်းရောင်စွမ်းအင်နှင့် ဆောက်လုပ်ရေးစသည့် ဦးစားပေးကဏ္ဍများ၌ အာဆီယံ ကိုးကားမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းမူဘောင်(ARCF) ဖော်ဆောင်ရေးသည် လုပ်သားများ၏ သင်ယူမှုရလဒ်များကို နေရာမရွေးသယ်ဆောင်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုစံသတ်မှတ်ချက် အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ အာဆီယံကျွမ်းကျင်မှု အရည်အသွေးမူဘောင် (ASCF) နှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများပေါ်တွင် အခြေခံသည့် အာဆီယံ အလုပ်အကိုင်ဆိုင်ရာ စံသတ်မှတ်ချက်များကို ထောက်ခံကြောင်း၊ ကွန်ပျူတာအခြေပြုစာမေးပွဲများနှင့် ယခင်သင်ယူခဲ့သည့်အတွေ့အကြုံများကို အသိအမှတ်ပြုခြင်း (RPL) စနစ်များကို အသုံးပြုခြင်းဖြင့် တရားဝင်မဟုတ်သော (Non-formal) ကဏ္ဍမှ လုပ်သားများအား အမျိုးသားအဆင့် မူဘောင်များကို လေးစားလိုက်နာလျက် အသိအမှတ်ပြု အာဆီယံကျွမ်းကျင်မှု လက်မှတ်များရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

စံပြဗဟိုဌာန(CoE) အသိအမှတ်ပြုခြင်းနှင့် ပတ်သက်၍ နည်းပညာလွှဲပြောင်းပေးမှု၊ တစ်သက်တာ သင်ယူမှုနှင့် နည်းပြသင်တန်းများ (Train-the-Trainer) ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)၊ World Skills ကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ရက်တစ်ခု ထူထောင်ရေးအတွက် မြန်မာနိုင်ငံတွင် အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (NSSA)သည် အမျိုးသား ကျွမ်းကျင်မှု အရည်အသွေးမူဘောင် (NSQF) ကို တိုးမြှင့်ဖော်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံအစိုးရသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂတွင် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး ဆွေးနွေးမှုများ၊ အခြားအာဆီယံထိပ်သီးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရှင်းလင်းဆွေးနွေးမှုများ၊ အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက် (Joint Statement) အတည်ပြုထုတ်ပြန်နိုင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

၅၁။ MMS ISO 7588-3:1998 လမ်းအသုံးပြုယာဉ်များ — လျှပ်စစ်/အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ- အပိုင်း (၃) - မိုက်ခရိုရီလေးများ

၅၂။ MMS ISO/TR 8713:2019 လျှပ်စစ်သုံးယာဉ်များ - ဝေါဟာရများ

၅၃။ MMS ISO 8714:2023 လျှပ်စစ်သုံးယာဉ်များ - ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး - ခရီးသည်တင်ယာဉ်များနှင့် ပေါ့ပါးသည့်လုပ်ငန်းသုံးယာဉ်များအတွက် စမ်းသပ်မှုဆိုင်ရာနည်းစဉ်များ

၅၄။ MMS ISO 8715:2001 လျှပ်စစ်သုံးယာဉ်များ - လမ်းပေါ်တွင် အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၅၅။ MMS ISO/TR 11954:2024 လောင်စာဆဲလ် အသုံးပြုယာဉ်များ - စွမ်းဆောင်ရည် တိုင်းတာခြင်း - ဖိသိပ်ထားသော ဟိုက်ဒရိုဂျင် (compressed hydrogen) ဖြင့် စွမ်းအင်ဖြည့်သွင်းသောယာဉ်များ

၅၆။ MMS ISO 12405-4:2018 လျှပ်စစ်သုံးယာဉ်များ - လီသီယမ်-အိုင်းယွန်းဆွဲငင်အားသုံး ဘက်ထရီအိတ်များနှင့် စနစ်များအတွက် စမ်းသပ်မှုသတ်မှတ်ချက် - အပိုင်း (၄) - စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၅၇။ MMS ISO/TR 13062:2015 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဝေါဟာရများနှင့် အမျိုးအစားခွဲခြားခြင်း

၅၈။ MMS ISO 13063-1:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - အပိုင်း (၁) - On-board အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၅၉။ MMS ISO 13063-2:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - အပိုင်း (၂) - ယာဉ်အသုံးပြုစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၆၀။ MMS ISO 13063-3:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - အပိုင်း (၃) - လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၆၁။ MMS ISO 13064-1:2012 ဘက်ထရီ-လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ - စွမ်းဆောင်ရည် - အပိုင်း (၁) - ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး

၆၂။ MMS ISO 13064-2:2012 ဘက်ထရီ-လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ - စွမ်းဆောင်ရည် - အပိုင်း (၂) - လမ်းအသုံးပြုမှုဆိုင်ရာ အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၆၃။ MMS ISO 15118-1:2019 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၁) - အထွေထွေအချက်အလက်နှင့် အသုံးပြုမှုဆိုင်ရာ အခြေအနေ သတ်မှတ်ချက်

၆၄။ MMS ISO 15118-2:2014 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၂) - ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် လိုအပ်ချက်များ

၆၅။ MMS ISO 15118-3:2015 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၃) - ရုပ်ပိုင်းဆိုင်ရာနှင့် Data link layer ဆိုင်ရာ လိုအပ်ချက်များ

၆၆။ MMS ISO 15118-4:2018 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၄) - ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် ကိုက်ညီမှုစစ်ဆေးခြင်း (conformance test)

၆၇။ MMS ISO 15118-5:2018 လမ်းသုံးယာဉ်များ - ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၅) - ရုပ်ပိုင်းဆိုင်ရာအလွှာနှင့် data link layer ကိုက်ညီမှုစစ်ဆေးခြင်း

၆၈။ MMS ISO 15118-20:2022 လမ်းသုံးယာဉ်များ - ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၂၀) - ဒုတိယမျိုးဆက် ကွန်ရက်အလွှာနှင့် ချိတ်ဆက်အသုံးပြုခြင်း အလွှာလိုအပ်ချက်များ

၆၉။ MMS ISO 17840-1:2022 လမ်းအသုံးပြုယာဉ်များ - ပထမနှင့် ဒုတိယတုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့များအတွက် အချက်အလက်များ - အပိုင်း (၁) - လူစီးကားများနှင့် ကူးသန်းရောင်းဝယ်ရေးသုံး ယာဉ်ငယ်များအတွက် ယာဉ်ကယ်ဆယ်ရေးစာရွက်

၇၀။ MMS ISO 18300:2016 လျှပ်စစ်သုံးယာဉ်များ - လီသီယမ် - အိုင်းယွန်း ဘက်ထရီစနစ်များကို ခဲ-အက်စစ်ဘက်ထရီ (သို့မဟုတ်) capacitor တို့နှင့် ပေါင်းစပ်အသုံးပြုခြင်းအတွက် စမ်းသပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၇၁။ MMS ISO 20762:2018 လျှပ်စစ်သုံးယာဉ်များ - ပေါင်းစပ်လျှပ်စစ်သုံးယာဉ်မောင်းနှင်မှုအတွက် စွမ်းအားသတ်မှတ်ခြင်း

၇၂။ MMS ISO 21782-1:2023 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် - အပိုင်း (၁) - အထွေထွေ စမ်းသပ်မှုအခြေအနေများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၇၃။ MMS ISO 21782-2:2019 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် - အပိုင်း (၂) - မော်တာစနစ် စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၄။ MMS ISO 21782-3:2019 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် - အပိုင်း (၃) - မော်တာနှင့် inverter စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၅။ MMS ISO 21782-6:2019 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် - အပိုင်း (၆) - မော်တာနှင့် inverter တို့၏ လည်ပတ်မှုအား (operating load) စမ်းသပ်ခြင်း

၇၆။ MMS ISO 23273:2013 လောင်စာဆဲလ်အသုံးပြုယာဉ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - ဖိသိပ်ထားသည့် ဟိုက်ဒရိုဂျင်အားဖြင့် လောင်စာသုံးသောယာဉ်များအတွက် ဟိုက်ဒရိုဂျင်ဆိုင်ရာအန္တရာယ်များမှကာကွယ်ခြင်း

၇၇။ MMS ISO 23274-1:2019 ပေါင်းစပ် - လျှပ်စစ်သုံးယာဉ်များ (Hybrid-electric) - အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှုတိုင်းတာခြင်း - အပိုင်း (၁) - ပြင်ပမှ အားသွင်း၍ မရသောယာဉ်များ

၇၈။ MMS ISO 23274-2:2021 ပေါင်းစပ်-လျှပ်စစ်သုံးယာဉ်များ - အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှု တိုင်းတာခြင်း - အပိုင်း(၂) - ပြင်ပမှ အားသွင်းနိုင်သောယာဉ်များ

၇၉။ MMS ISO 23280:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - မော်တာဒိုင်နမိုမီတာအသုံးပြု၍ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်ရန် စမ်းသပ်မှုနည်းလမ်း

၈၀။ MMS ISO 23828:2022 လောင်စာဆဲလ်အသုံးပြုယာဉ်များ - စွမ်းအင်သုံးစွဲမှုတိုင်းတာခြင်း - ဖိသိပ်ထားသောဟိုက်ဒရိုဂျင် (compressed hydrogen) လောင်စာသုံးယာဉ်များ

၈၁။ MMS ISO 22002-2:2025 အစားအသောက်ဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက် အစီအစဉ်များ - အပိုင်း(၂) - ပြင်ဆင်တည်ခင်းကျွေးခြင်း

၈၂။ MMS UNECE R 11: 2015 ယာဉ်၏ တံခါးဖွင့်ပိတ်စနစ်၊ တံခါးကို မြဲမြံစွာတပ်ဆင်ရာတွင် အသုံးပြုသည့် ပစ္စည်းအစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၃။ MMS UNECE R 12: 2024 ယာဉ်ရှေ့မှ တိုက်မိချိန်တွင် ယာဉ်မောင်းသူကို steering mechanism မှ ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုမှ ကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့် ယာဉ်အသိအမှတ်ပြုခြင်းနှင့်သက်ဆိုင်သော တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၄။ MMS UNECE R 23: 2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် နောက်ဆုတ်မီး (Reversing Lamps) နှင့် မောင်းနှင်စစ်ဆေးရေးမီးများ (Manoeuvring Lamps) နှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၅။ MMS UNECE R 37: 2015 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင်အသုံးပြုရန် အတည်ပြုထားသော မီးခွက်များ၌ ထည့်သွင်းအသုံးပြုမည့် ဖိုင်လာမင်မီးသီး (Filament Lamps) များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၆။ MMS UNECE R 40:1979 အင်ဂျင်စနစ်အသုံးပြုသော မော်တော်ဆိုင်ကယ်များမှ အိတ်ဇောခတ်ငွေ့ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၇။ MMS UNECE R 53:2018 Category L3 (မော်တော်ဆိုင်ကယ်) များတွင် မီးအလင်းရောင်ပေးစနစ်နှင့် မီးအချက်ပြစနစ်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၈။ MMS UNECE R 55:2025 တွဲဆိုင်းယာဉ်များ၏ ယာဉ်အချင်းချင်း ချိတ်ဆက်ရာတွင် အသုံးပြုသော စက်မှုပိုင်းဆိုင်ရာ ကိရိယာများနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၉။ MMS UNECE R 58:2017 နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်ပေးသည့်ပစ္စည်းများ (RUPDs)၊ အတည်ပြုချက်ရရှိထားသည့် RUPDs ကို တပ်ဆင်ထားသည့် မော်တော်ယာဉ်များ၊ နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်မှုစနစ်ပါရှိသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၀။ MMS UNECE R 60:2013 ထိန်းချုပ်ခလုတ်များ၊ သတိပေးအချက်ပြမီးများနှင့် ညွှန်ပြကိရိယာများကို ခွဲခြားမှတ်သားခြင်း အပါအဝင် မောင်းနှင်သူကိုယ်တိုင် ထိန်းချုပ်လုပ်ဆောင်ရသော စနစ်များနှင့်စပ်လျဉ်း၍ ဘီးနှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များနှင့် မိုပက် (Moped) များအား အမျိုးအစားအတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၁။ MMS UNECE R 66:2009 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ အပေါ်ပိုင်း ကိုယ်ထည်တည်ဆောက်ပုံကြံ့ခိုင်မှု (Strength of Superstructure) နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၂။ MMS UNECE R 73:2011 ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD) တပ်ဆင်ထားသော မော်တော်ယာဉ်များ၊ ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD)သီးသန့်နှင့် အတည်ပြုချက်ရရှိထားသော ဘေးဘက်အကာအကွယ်ပစ္စည်း (LPD) အမျိုးအစားကို မော်တော်ယာဉ်များတွင် စနစ်တကျတပ်ဆင်ထားမှုနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၃။ MMS UNECE R 78:2022 ဘရိတ်စနစ်နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား Category L1, L2, L3, L4 နှင့် L5 ရှိ မော်တော်ယာဉ်များကို အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၄။ MMS UNECE R 80:2012 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ ထိုင်ခုံကြံ့ခိုင်မှုခံနိုင်ရည်နှင့် ထိုင်ခုံချိတ်ဆက်ခိုင်မြဲမှုစနစ်တို့နှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၅။ MMS UNECE R 81:1989 နှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များ (ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) တွင် နောက်ကြည့်မှန်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ နောက်ကြည့်မှန်များနှင့် အဆိုပါမော်တော်ဆိုင်ကယ်များကို အတည်ပြုချက် ထုတ်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၆။ MMS UNECE R 85:2013 မော်တော်ယာဉ်သုံးအင်ဂျင်များနှင့် လျှပ်စစ်မောင်းနှင်မှုစနစ်များ၏ စွမ်းအားတိုင်းတာစစ်ဆေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၇။ MMS UNECE R 101:2005 မော်တော်ယာဉ်များ၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၊ လောင်စာဆီသုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှင့် လျှပ်စစ်ဖြင့်မောင်းနှင်နိုင်သည့် အကွာအဝေးတို့အားတိုင်းတာခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၈။ MMS UNECE R 107:2023 M2 နှင့် M3 မော်တော်ယာဉ်များ၏ အထွေထွေတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၉။ MMS UNECE R 118:2023 မော်တော်ယာဉ်များ တည်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၏ မီးလောင်လွယ်မှုနှင့် စက်သုံးဆီ (သို့မဟုတ်) ချောဆီများ မစုပ်ယူစေရန် ကာကွယ်နိုင်စွမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၀။ MMS UNECE R 121:2015 ယာဉ်မောင်းသူ ဘေးကင်းလုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ရန်အတွက် ကားအတွင်းပိုင်းကခလုတ်များ၊ အချက်ပြမီးများနှင့် ဒိုင်ခွက်များကို စနစ်တကျနေရာချထားခြင်းနှင့် သင်္ကေတပုံစံများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၁။ MMS UNECE R 138:2017 အသံကြားရမှုအဆင့် လျော့နည်းခြင်းနှင့်စပ်လျဉ်း၍ အသံတိုးသော မော်တော်ယာဉ်များအား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၂။ MMS UNECE R 148:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် မီးအချက်ပြစနစ်သုံးကိရိယာများ မီးလုံး/ မီးခွက်များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၃။ MMS UNECE R 149:2020 စက်တပ်ယာဉ်များအတွက် လမ်းပေါ်တွင် အလင်းပေးသည့်ကိရိယာများ (Road Illumination device) နှင့် စနစ်များအား အတည်ပြုပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၄။ MMS UNECE R 150:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် အလင်းပြန်ပစ္စည်းများ၊ အမှတ်အသားများ (Retro-reflective devices and markings) နှင့် စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

ဆက်လက်ဖော်ပြပါမည်။



## ငဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများပေါင်းစပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများအသုံးပြု၍ လည်းကောင်း၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်မည့် Geo-bags ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့် လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geo-bags ချသည့် စက်ရေယာဉ်တွဲအပါအဝင် ရေယာဉ်ငယ်တို့ဖြင့် လည်းကောင်း၊ သဲစက်လှေတွဲများဖြင့် လည်းကောင်း၊ လူအင်အားသုံး မျောတုတ်တန်းအပြင်ဘက် ရေဝင်စီးကြောင်းကာကွယ်တန်းအား ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ဆိတ်နို့ကုန်းတာကွပ်ကဲရုံးသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ ပေးဝေခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၄)ရပ်ကွက် နဝင်းကျောင်းတိုက်သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့ အမှတ် (၁)ရပ်ကွက် ပြည်ငြိမ်းအေးကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားများ ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောကာ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာတွင် အလှူငွေများ လှူဒါန်းရာ ဦးသိန်းအောင် (ဝန်ကြီးချုပ်-ငြိမ်း) + ဒေါ်ခင်ဌွေးမြင့် မိသားစုက အလှူငွေကျပ် သိန်းနှစ်ရာကို လည်းကောင်း၊ ဦးရန်ဝင်း A1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က အလှူငွေကျပ် သိန်းသုံးရာကို လည်းကောင်း၊ ဦးဇော်ဝင်းရှိန် ဧရာဟင်္သာကုမ္ပဏီလီမိတက်က အလှူငွေကျပ် သိန်းသုံးရာကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ငဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၆ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ကာ ယနေ့တွင် ၉ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၁ပေ ၁ လက်မခန့်ကျဆင်းသွားခဲ့သည်။

ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ-ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများကို အများပြည်သူနှင့် မော်တော်ယဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geo-bags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှော ရေတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးနည်းပညာတက္ကသိုလ် (၁၆)ကြိမ်မြောက် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး နည်းပညာတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်(MTU)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မန္တလေးနည်းပညာတက္ကသိုလ်မှ တာဝန်ခံ (ဒုတိယပါမောက္ခချုပ်)နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ပါမောက္ခ(ဌာနမှူး)များ၊ ပြင်ပစာစစ်ပုဂ္ဂိုလ် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ သုတေသနပညာရှင်များ၊ စာတမ်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အသိဉာဏ်ပညာကြွယ်ဝမှုနှင့် ကျွမ်းကျင်မှု ရရှိရေးမှသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် စာတမ်းဖတ်ပွဲမှာ နည်းပညာကဏ္ဍတွင် သာမက ပညာရပ်နယ်ပယ်စုံ တက္ကသိုလ်တစ်ခုနှင့် တစ်ခုအကြား စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှုတို့ကို ပြသနေခြင်းဖြစ်ပြီး အခြားတက္ကသိုလ်များ၊ သုတေသနစင်တာများနှင့် သုတေသနဌာနများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ပြည်သူလူထုတို့နှင့် သုတေသနလုပ်ငန်းများ တိုးတက်လာစေရန်နှင့် နည်းပညာရပ်များပေါ်ပေါက်နိုင်သည့် ရလဒ်ကောင်းတစ်ခုဖြစ်ပါကြောင်း၊ ပြည့်စုံအောင်မြင်သော စာတမ်းဖတ်ပွဲများ ဆောင်ရွက်မှု စဉ်ဆက်မပြတ်တိုးတက်ရေးနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးများကို အသိပညာရှင်များ၊ အတတ်ပညာရှင်များက ရည်ရွယ်ချက်များနှင့်အညီ အားလုံးကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက မန္တလေးနည်းပညာတက္ကသိုလ်၏ ဘွဲ့ကြို၊ ဘွဲ့လွန်သုတေသနရလဒ်များကို ခင်းကျင်းပြသသောနည်းပညာပြခန်းများမှ သုတေသန Project များ၊ စာတမ်းဖတ်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် ဘာသာရပ် ၁၅ ခုမှ စာတမ်းရှင် ၉၇ ဦးက စာတမ်းများ ဖတ်ကြားတင်သွင်းသွားမည်ဖြစ်ပြီး မန္တလေးနည်းပညာတက္ကသိုလ်မှ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများ၏ သုတေသန Project ၆၆ ခုကို ခင်းကျင်းပြသခဲ့ကြောင်း၊ သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာ သုတေသနသတင်းအချက်အလက်များ ဖလှယ်ခဲ့ကြကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀




# ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေး လုပ်ငန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

**(အပေါ်ပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မူလတန်း၊ အလယ်တန်းပညာရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသုံးဗလာစာအုပ်များ၊ အလှူငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကျောင်းပြင်ပ မူလတန်း၊ အလယ်တန်းပညာရေး ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက "ကလေးများအတွက် ဒီနေ့" သီချင်းဖြင့် သီဆိုသရုပ်ဖော်ခဲ့ပြီး ခင်းကျင်းပြသထားသော ကျောင်းပြင်ပ မူလတန်း၊ အလယ်တန်း လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် NFPE / MFPE သက်မွေးလက်မှုပညာများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် အဖွဲ့ဝင်များက လေ့လာကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်ကြီးတံခွန်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ကြီးတံခွန်မြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

**(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀

# စဉ့်ကူးမြို့နယ်၊ ခတက်ချဉ်ကျေးရွာအုပ်စု၌ ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

**စဉ့်ကူး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ မူလတန်း ကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရေး အထောက်အကူပြုအာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးမွေးနိုင်ရန်အတွက် ငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့နယ်၊ ခတက်ချဉ်ကျေးရွာအုပ်စု၊ စိုက်ကွင်းကျေးရွာတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ငှက်ပျောပင်စိုက်ပျိုးပွဲသို့ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး ထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး ငှက်ပျောပင် စုစုပေါင်း ၆၈၀ ကျ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**



# လူထုအခြေပြုဗဟိုဌာန၌ သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဝန်ထမ်းများ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သတင်းရေးသားနည်းသင်တန်းကို ယနေ့ နံနက် ၉နာရီက သင်တန်းဖွင့်လှစ်သည်။

ထိုသို့ သင်တန်းဖွင့်လှစ်ရာတွင် မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာမ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က သတင်းလိုက်နည်း၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေများ၊ သတင်းရေးနည်း၊ သတင်းတည်းဖြတ်နည်း ဘာသာရပ်နှင့် Ai နည်းပညာများအား နံနက် ၉ နာရီမှ ၁၂ နာရီအထိ သင်ကြားပို့ချခဲ့ပြီး အဆိုပါသင်တန်းသို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်ရုံးမှ ဝန်ထမ်းကိုးဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**စင်မင်းမောင်**

**(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဓမ္မာသီရိခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် ပစ္စတိုသေနတ် တစ်လက်၊ MA-1 သေနတ် တစ်လက်၊ MA-3 သေနတ် နှစ်လက်၊ MA-11 သေနတ် တစ်လက်၊ ကေအေသေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ် ခုနစ်ခုနှင့် လက်ပစ်ဗုံးမျိုးစုံ ၁၀လုံးတို့ကို အပ်နှံခဲ့ရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးအတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ဆုကြေးငွေကျပ် ၄၇ သိန်း ၅ သောင်း စုစုပေါင်း ဆုကြေးငွေကျပ် ၃၉၇ သိန်း ၅ သောင်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းမြို့မှ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ခြောက်ဦး၊ မုံရွာမြို့မှ အမျိုးသား ၁၄ ဦး၊ ရွှေဘိုမြို့မှ အမျိုးသား ခုနစ်ဦး၊ ရေဦးမြို့မှ အမျိုးသား တစ်ဦး၊ ဝန်းသိုမြို့မှ အမျိုးသား သုံးဦး၊ ကသာမြို့မှ အမျိုးသား လေးဦးနှင့် ကန့်ဘလူမြို့မှ အမျိုးသား သုံးဦး စုစုပေါင်း အမျိုးသား ၈၉ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၉၅ ဦးဖြစ်ကြောင်း သိရသည်။

အလားတူ ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအနေဖြင့် ဟားခါးမြို့မှ အမျိုးသား တစ်ဦး၊ ကလေးမြို့မှ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး နှစ်ဦး၊ မော်လိုက်မြို့မှ အမျိုးသား တစ်ဦး၊ ဖောင်းပြင်မြို့မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် တမူးမြို့မှ အမျိုးသား ၁၃ ဦး စုစုပေါင်း အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၄၅ ဦးတို့သည် ၎င်းတို့နှင့်အတူ ပါရှိလာသည့် ပစ္စတိုသေနတ် တစ်လက်၊ MA-1 သေနတ် နှစ်လက်၊ MA-3 သေနတ် နှစ်လက်၊ MA-11 သေနတ် တစ်လက်၊ M-22 သေနတ် တစ်လက်၊ Type-81 သေနတ် ၁၁ လက်၊ AK-47 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်နှင့် ရိုင်ဖယ်သေနတ် တစ်လက် စုစုပေါင်း ၂၁ လက်၊ ကျည်အိမ် အခု ၃၀၊ ကျည်မျိုးစုံ ၆၇၉ တောင့်၊ လက်ပစ်ဗုံး ခြောက်လုံးနှင့် စကားပြောစက် သုံးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူပြီး မောင်းပြန်ရိုင်ဖယ်သေနတ် အလက် ၂၀ အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ် ခြောက်သိန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအတွက် ဆုကြေးငွေကျပ် ၂၂ သိန်း ၅ သောင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပေးကြသည်။

ထို့ကြောင့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အသီးသီးမှ အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ သည် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းရယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ပြည်ပနိုင်ငံသားနှစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မန်မိုင်းကျေးရွာနှင့် မန်းက ကျေးရွာကြား တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ကိုင်သူများအား သွားရောက်ဖမ်းဆီးစဉ် ထွက်ပြေးလွတ်မြောက်သွားသည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့အား ဖုန်းမျိုးစုံ ၁၀ လုံးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နားလီကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည်။

## ဆက်လက်ဆောင်ရွက်

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။




မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နဲမနိတ်ကျေးရွာနေ ဒေါ်လှလှဝင်း (၇၁)နှစ် ကျောင်းဆရာမ(ငြိမ်း)သည် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက နေအိမ်အနောက်ဘက်ရှိ ရေချိုးခန်း ဝင်ပေါက်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး လက်ကိုင်ဖုန်း တစ်လုံး၊ ရွှေထည်ပစ္စည်းနှင့် ငွေများပျောက်ဆုံးလျက်ရှိကြောင်း သတင်းအရ နိဗ္ဗာန်နယ်မြေရဲစခန်း (ပ)၂၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စက်သုံးဆီဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှုရှိစေရေးနှင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ကြည့်ရှုစစ်ဆေး

**တောင်တွင်းကြီး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှုရှိစေရေးနှင့် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေးအတွက် စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက စက်သုံးဆီဆိုင်ကြီးများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသန့်စင်နှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြည်သူများ စက်သုံးဆီဈေးနှုန်း မှန်ကန်စွာ သုံးစွဲနိုင်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်ကြီးများအနေဖြင့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချစေရေး၊ စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေးနှင့် စက်သုံးဆီများကို ဈေးကစားရန် ရည်ရွယ်၍ သိုလှောင်ထိမ်ချန်ရောင်းချခြင်းများ မပြုလုပ်စေရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**



## ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်း

**ကျောက်ဆည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်း၌ ပထမဆုရရှိခဲ့သည့် မြစ်သားမြို့နယ်မှ ကြက်ခြေနီအသင်းခွဲတပ်စုမှူး ဘိုဘိုဟန်အား ဆုချီးမြှင့်ခဲ့သည်။ (အပေါ်ယာပုံ)




ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်နိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးမောင်မောင်ချိုနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်တို့က သင်တန်း၌ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့သည်။

ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ဒေသတွင်း မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည့်အပြင် နိုင်ငံတော်အဆင့် ဘေးအန္တရာယ်များ ကျရောက်လာပါက နိုင်ငံတကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်သည့် အရည်အချင်းများ ပြည့်ဝလာမည်ဖြစ်ကြောင်း သင်တန်းနည်းပြဆရာတစ်ဦးက ပြောသည်။ ၄၈၅)

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မီးလောင်မှု ဖြစ်ပွားသဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၃၁၇ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြား၌ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီ ၂ မိနစ်ခန့်က နေပြည်တော်မှ မန္တလေးမြို့သို့ ယာဉ်မောင်း ဦးဇော်ဇော်(၅၄) နှစ်ဆိုသူ မောင်းနှင်လာသော STATION WAGON အဖြူရောင်မော်တော်ယာဉ်သည် မောင်းနှင်လာစဉ် အင်ဂျင်အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်စည် အမြန်လမ်းနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် STATION WAGON အဖြူရောင် မော်တော်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မောင်း ဦးဇော်ဇော် ဆိုသူအား ပြင်စည်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်မောင်းသူများ လိုက်နာရန်

- ➤ မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- ➤ အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ် မစီးရ။
- ➤ ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- ➤ (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**ပြည် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့အား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ရွာဘဲရပ်ကွက်ရှိ ဒေါ်လွင်သီတာစိုး (၄၂)နှစ်ဆိုသူ၏ ကွမ်းယာဆိုင်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ ပြည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား ကွမ်းယာဆိုင်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် လွင်သီတာစိုး ဆိုသူအား ပြည်မြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်မြို့နယ်၊ ပြည်သာယာရပ်ကွက်၊ ဦးကျော်ထွန်းခိုင်(ခ)ခိုင်ကြီး(၄၃) နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်တွင် နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်ထွန်းခိုင်(ခ)ခိုင်ကြီး ဆိုသူအား အမှတ်(၃) နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၃ နာရီတွင် ပြည်မြို့နယ်၊ စံတော်ရပ်ကွက်၊ အောင်မင်္ဂလာဈေးလမ်းနေ မအေးအေးမွန်(ခ)ဆွစ်(၃၅)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ပြည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်တွင် နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် အေးအေးမွန်(ခ)ဆွစ် ဆိုသူအား ပြည်မြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဆိုလာဘက်ထရီပုံး အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၁)၊ ၃၄ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား နေအိမ်တွင် ဆိုလာဘက်ထရီပုံး အပူလွန်ကဲပြီး မီးလောင်မှု ဩဂုတ် ၂၇ ရက် မွန်းလွဲ ၃ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီထွေး ဦးစီး၍ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ သန္ဒေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် မီးငြိမ်းခဲ့ပြီး ဆိုလာဘက်ထရီအပေါ်ကန့်နှင့် ဆားဗစ်ကြိုး အနည်းငယ် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူ နေအိမ်ပိုင်ရှင် ဦး---(၆၈) နှစ်ဆိုသူအား အမှတ်(၆) နယ်မြေရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ပုံ) (၀၅၇)



# နိုင်ငံတကာ အားကစား သတင်းများ

## ဖရန့်ခ်ကက်ဆီကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း ကမ်းလှမ်း



**တူရင် ဩဂုတ် ၂၈**

ဂျူဗင်တပ်အသင်းသည် အယ်လ်အာလီအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ကွင်းလယ်ကစားသမား ဖရန့်ခ်ကက်ဆီကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အယ်လ်အာလီ၊ ဘာစီလိုနာ၊ အေစီမီလန်၊ အတ္တလန္တာစသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဖရန့်ခ်ကက်ဆီကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဂျူဗင်တပ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဖရန့်ခ်ကက်ဆီကို ဂျူဗင်တပ်အသင်း ကစားသမားသစ်အဖြစ် မြင်တွေ့သွားရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဓါတ်ပုံ)**

**(NGB)**

## ဂိုရက်ဇ်ကာ အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ်(၂၇)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၈**

ကွင်းလယ်ကစားသမားသစ် ဂိုရက်ဇ်ကာသည် အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ်(၂၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂိုရက်ဇ်ကာသည် ကစားသမားဘဝတစ်လျှောက်တွင် ရှော်လ်ကေး၊ ဘိုင်ယန်မြူးနစ်၊ ဘိုချန်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ဂိုရက်ဇ်ကာ အနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင် အက်စတွန်ဗီလာအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Aleksandar Kovacevic တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်ကစားသမား Aleksandar Kovacevic တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Aleksandar Kovacevic သည် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ တတိယဆင့်တွင် ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas ကို ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Aleksandar Kovacevic နှင့် ဂရိတ်ဗြိတိန် တင်းနစ်ကစားသမား Arthur Fery တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်ထိပ်သီးကလပ် လီဗာပူးအသင်းသည် ပီအက်စ်ဗီအသင်း တောင်ပံတိုက်စစ်ကစားသမား ဘာကိုလာကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

* နယူးကာဆယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်း နောက်ခံကစားသမား နေသန်ကောလင်းစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

**(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၈-၂၀၂၆ ည ၉း၃၀ နာရီ | လီဗန်တေး - ဘက်တစ် | လီဗန်တေး ၂-၂ ဘက်တစ်<br>ဘက်တစ် ၂-၁ လီဗန်တေး |
| ၂၉-၈-၂၀၂၆ ည ၁၁း၃၀ နာရီ | ဆိုစီဒက် - အက်စ်ပန်ညို | ဆိုစီဒက် ၁-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၂-၂ ဆိုစီဒက် |
| ၃၀-၈-၂၀၂၆ နံနက် ၀၂း၀၀ နာရီ | ဆီဗီလာ - အက်သလက်တီကို | ဆီဗီလာ ၂-၁ အက်သလက်တီကို<br>အက်သလက်တီကို ၃-၀ ဆီဗီလာ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၈-၂၀၂၆ ည ၁၁း၀၀ နာရီ | ဗီအိုရင်တီးနား - ဖရိုစီနုံနီ | ဗီအိုရင်တီးနား ၅-၁ ဖရိုစီနုံနီ<br>ဖရိုစီနုံနီ ၁-၁ ဗီအိုရင်တီးနား |
| ။ | မွန်ဇာ - အူဒီးနီစ် | မွန်ဇာ ၁-၂ အူဒီးနီစ်<br>အူဒီးနီစ် ၁-၂ မွန်ဇာ |
| ။ | ဆက်ဆူအိုလို - တိုရီနို | ဆက်ဆူအိုလို ၀-၁ တိုရီနို<br>တိုရီနို ၂-၁ ဆက်ဆူအိုလို |
| ၃၀-၈-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | ဂျူဗင်တပ် - ပါးမား | ဂျူဗင်တပ် ၂-၀ ပါးမား<br>ပါးမား ၁-၄ ဂျူဗင်တပ် |

### ပြင်သစ်လီဂူးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) ဗိုလ်လုပွဲ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၈-၂၀၂၆ ည ၉း၄၅ နာရီ | စထရာဘော့စ် - လန်းစ် | စထရာဘော့စ် ၁-၁ လန်းစ်<br>လန်းစ် ၁-၀ စထရာဘော့စ် |
| ၃၀-၈-၂၀၂၆ နံနက် ၀၁း၁၅နာရီ | အော်ဇေး - အန်းဂါးစ် | အော်ဇေး ၃-၁ အန်းဂါးစ်<br>အန်းဂါးစ် ၂-၀ အော်ဇေး |
| ။ | ဘရက်စ် - တူးလော့စ် | ဘရက်စ် ၀-၂ တူးလော့စ်<br>တူးလော့စ် ၂-၀ ဘရက်စ် |
| ။ | လိုရီယန့် - ထရိုင်းယက်စ် | လိုရီယန့် ၂-၀ ထရိုင်းယက်စ်<br>ထရိုင်းယက်စ် ၂-၂ လိုရီယန့် |
| ။ | လိုင်ယွန် - လီဟာဗာ | လိုင်ယွန် ၁-၀ လီဟာဗာ<br>လီဟာဗာ ၀-၀ လိုင်ယွန် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၉-၈-၂၀၂၆ စနေနေ့ | ညနေ ၃း၃၀ နာရီ | ရှေဝတီ - Ispe FC | ရှေဝတီ ၀-၁ Ispe FC<br>Ispe FC ၃-၀ ရှေဝတီ |
| ။ | ။ | အုံ - ဟံသာဝတီ | အုံ ၃-၀ ဟံသာဝတီ<br>ဟံသာဝတီ ၁-၃ အုံ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၈-၂၀၂၆ ညနေ ၆း၀၀ နာရီ | လီဗာပူး - နော်တင်ဟမ် | လီဗာပူး ၀-၃ နော်တင်ဟမ်<br>နော်တင်ဟမ် ၀-၁ လီဗာပူး |
| ၂၉-၈-၂၀၂၆ ည ၈း၃၀ နာရီ | ဘုန်းမောက် - အဲဗာတန် | ဘုန်းမောက် ၀-၁ အဲဗာတန်<br>အဲဗာတန် ၁-၂ ဘုန်းမောက် |
| ။ | ကိုဗင်ထရီ - ဟားလ်စီးတီး | ------ |
| ၂၉-၈-၂၀၂၆ ည ၁၁း၀၀ နာရီ | စပါး - နယူးကာဆယ် | စပါး ၁-၂ နယူးကာဆယ်<br>နယူးကာဆယ် ၂-၂ စပါး |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၈-၂၀၂၆ ည ၈း၀၀ နာရီ | ကိုလုံး - ဟော်ဖန်ဟိမ်း | ကိုလုံး ၂-၂ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၀-၁ ကိုလုံး |
| ။ | မိန့်ဇ် - ပါဒါဘွန်း | မိန့်ဇ် ၂-၀ ပါဒါဘွန်း<br>ပါဒါဘွန်း ၁-၂ မိန့်ဇ် |
| ။ | လိုက်ပဇစ် - မိုချန်ဂလာဘတ် | လိုက်ပဇစ် ၁-၀ မိုချန်ဂလာဘတ်<br>မိုချန်ဂလာဘတ် ၀-၀ လိုက်ပဇစ် |
| ။ | ယူနီယံဘာလင် - ဖရန့်ဖတ် | ယူနီယံဘာလင် ၁-၁ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၃-၄ ယူနီယံဘာလင် |
| ၂၉-၈-၂၀၂၆ ည ၁၁း၀၀ နာရီ | ဒေါ့မွန် - ဟမ်းဘတ် | ဒေါ့မွန် ၃-၂ ဟမ်းဘတ်<br>ဟမ်းဘတ် ၁-၁ ဒေါ့မွန် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၉-၈-၂၀၂၆ ည ၈း၃၀ နာရီ | ဝက်ဖို့ဒ် - ဝက်စ်ဟမ်း | ဝက်ဖို့ဒ် ၀-၄ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၁-၁ ဝက်ဖို့ဒ် |
| ။ | ဝူဗ် - စတုတ်စီးတီး | ------- |



# မင်းကွန်းဘိုးဘွားရိပ်သာသို့ အာဟာရပဒေသာပင်စိုက်ထူလှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မိုးမိတ်ကုန်းမြေရှိ မင်းကွန်းဘိုးဘွားရိပ်သာသို့ အဘိုး၊အဘွားများအတွက် အာဟာရဒါနကျွေးမွေးရန် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက မန္တလေး၊ လမ်း၃၀၊ ၆၅လမ်းနှင့်၆၆လမ်းကြားရှိ မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ မော်ကွန်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်(၆)ရပ်ကွက်နေ ဦးညွန့်လှိုင်+ဒေါ်ခင်တို့အား ရည်စူး၍ ဦးမောင်မောင်ညွန့်မိသားစုက မင်းကွန်းဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအတွက် အာဟာရဒါနနှစ်ရက်စာ ကျွေးမွေးခြင်းအပါအဝင် ထာဝရအာဟာရဒါနပဒေသာပင်အတွက် စုစုပေါင်းငွေကျပ် ၄၃၄၀၀၀၀ ကို လှူဒါန်းရာ မင်းကွန်းဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ အကြီးတန်းအင်ဂျင်နီယာ ဦးအောင်မြင့်နှင့် အမှုဆောင်ဦးတင်အောင်တို့က လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၃၂)

# စားသုံးသူအခွင့်အရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ (၈/၂၀၂၆) စားသုံးသူအခွင့်အရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဌာနခွဲ ဦးစီးအရာရှိ ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချမှုဌာနခွဲ တာဝန်ခံအရာရှိ ဦးမျိုးထွန်းက ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက စားသုံးသူ တိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် တက်ရောက်လာကြသည့် ကျောက်ဆည်၊ မိတ္ထီလာနှင့် မြင်းခြံခရိုင်တို့မှ ခရိုင်ဦးစီးမှူးများကလည်း မိမိတို့ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၉)နှင့်အညီ ကုန်စည် (သို့မဟုတ်)ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ စားသုံးသူများ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လာပါက ဥပဒေအရ ညှိနှိုင်းဖြေရှင်းအရေးယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)



◎ စာမျက်နှာ ၂၄ မှ

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရေချိုးတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

* ပန်းပင်ရေလောင်းလျှင် ရေပိုက် မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်၊

* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။

* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင် ပိတ်ပါ။

# ဓာတ်မြေသြဇာ ရောစပ်ကြဲပက်ပွဲနှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၈**

မန္တလေး၊ အမရပူရမြို့နယ်တွင် ၂၀၂၆-၂၀၂၇ခုနှစ် မိုးစပါးနှင့်မိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရန် ဓာတ်မြေသြဇာရောစပ်ပတ်ကြဲပက်ပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို တမုတ်ဆိုးကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်၌ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ်စိုက်ကြပ်များ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားပြီး မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိစေရန် တမုတ်ဆိုးကျေးရွာ ၅၇၀-ခ၊ ဦးပိုင်(၆၈)တောင်သူ ဦးအောင်မျိုးထွန်းမျိုးစပါးအခင်း၌ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဓာတ်မြေသြဇာရောစပ် ကြဲပက်ပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ခရိုင်၊ မြို့နယ်စိုက်/ကြပ်အဖွဲ့များနှင့် တောင်သူများက တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။



ထို့နောက် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က တောင်သူများအား နည်းပညာများ ဖြန့်ဝေ၍ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

လှဲလှဲနိုင်

# တားမြစ်ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေး

**ပျဉ်းမနား ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနား၊ လယ်ဝေး၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များမှ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဦးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထိန်လင်းဟန်က စိုက်ပျိုးရေးဦးစီးဌာနမှ တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေးပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)



ထို့နောက် နေပြည်တော် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ပြည့်ဖြိုးဝေက တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် သီးနှံအလိုက် ပိုးသတ်ဆေးဓာတ်ကြွင်းကျန်ရှိမှုများကို အသိပညာပေးရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသူများ၏ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသည့်ပိုးသတ်ဆေးအရောင်းဆိုင်များမှ တာဝန်ရှိသူများအား တားမြစ်ထားသော ပိုးသတ်ဆေးစာရင်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းပေါ်ဆန်းစမ်းသပ်စိုက်ခင်းတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**မိုင်းယောင်း ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာနှင့် ဝမ်ဘိုးကျေးရွာတို့၌ အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းပေါ်ဆန်း-၁ စမ်းသပ်စိုက်ခင်းအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုးက လိုက်လံရှင်းလင်းပြသပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းယောင်းမြို့နယ်တွင် ယခုနှစ်မိုးစပါးရာသီ၌ ရေဆင်းပေါ်ဆန်း-၁ နှစ်ဧက၊ ရေဆင်းပေါ်ဆန်း-၂ တစ်ဧက စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

(၅၀၅)

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများ၏ (၉၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဝါခေါင်လပြည့်နေ့ နံနက် ၄ နာရီခွဲက ၃၅ လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်အား ငါးလေးခြောက်(အသားတု)၊ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၇၀၀၀၀ နှင့် သင်္ကန်း ၁၇ စုံတို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းနာယက ဦးယဉ်မောင်ဟိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမြင့်(PR) အသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ လစဉ်လဆန်း ၁ ရက်နေ့တိုင်း ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော (ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်) မိသားစုများ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး မိခင်ကြီး ဒေါ်တင်ရီအားရည်စူး၍ ဦးသိန်းတန်သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဖခင်ကြီး ဦးချိန်စီ+မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ သား မောင်ကျော်သက်ဦး မောင်နမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အားရည်စူး၍ ဦးပြည့်စုံကိုကို ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုးပန်တော်ဦး အမျိုးသမီးအဆောင်၊ မိသားစုများ၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ(သမီး)မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်)၊ ဒေါ်မေသဇင်ဦးမိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း Unit Solar မိသားစု၊ ဦးတူး+ဒေါ်အေးအေးမြင့်မိသားစု၊ ဦးအားချန့်+ဒေါ်ကျန်းထုံးမိသားစု၊ အဘ(ဦးစံသာ+အမိ(ဒေါ်အုန်းစိန်)တို့အားရည်စူး၍ သားသမီးမြေးတစ်စု (GOIDEN KEY CAFF) မိသားစု၊ ဦးတင်လင်း+ဒေါ်ဖြိုးဖြိုး(သမီး)မပိုးရတီခေတ်၊ မိခင်ကြီး ဒေါ်နန်းမွှေအား ရည်စူး၍ ဖခင်ကြီး ဦးသန်းထွန်းဝင်းအားအမှူးထားကာ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးသက်မင်းထွန်း+မအိသီရိမင်း၊ မောင်သိန်းသန့်ဇင်၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသူ၊ အသင်းသားများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၀)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနား ကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို အပိုင်း(၂)ပိုင်းခွဲ၍ ယမန်နေ့ နံနက် ၈ နာရီက မြို့မရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် ကျင်းပရာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ခရိုင်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်က အခြေခံပညာအထက်တန်းကျောင်း(မြို့မ) အတွက် မီးသတ်ဆေးဘူးတစ်ဘူးအား လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းက လက်ခံရယူခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်က ငလျင်ဘေးအန္တရာယ်အကြောင်းအရာများနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရှိုင်းသူတို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများအား သဘာဝဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ကျောင်းသား၊ ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၃/၄)ဖြင့် တင်ဆက်ဖျော်ဖြေပြီး သဏ္ဍာန်တူ ငလျင်လှုပ်ခတ်မှုကို ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

(အောက်ပုံ)

**မောင်မျိုးမင်း(ပြန်/ဆက်)**



## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မကွေး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့တွင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လူရွယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်နှင့်အတူ Grade-11 မှ မမြသန္တာက "လူငယ်နှင့်အားကစား၊ မဆုပြည့်ဘုန်းပိုင်က "လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူး"၊မဆုပြည့်လှိုင်က "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်"၊ မနန္ဒာခိုင်က "လူငယ်နှင့်ယဉ်ကျေးမှု"ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်မေးခွန်းများမေးမြန်းမှုအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခြင်းများပြုလုပ်ခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက လူငယ်စကားဝိုင်းကျင်းပပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် အသိပညာဗဟုသုတရရှိစေမည့် နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀



## မိုးစပါးလျာထားဧက ၉၇၇၇၅ အနက် ၆၈၃၆၄ ဧက စိုက်ပျိုးပြီးစီး

**တောင်တွင်းကြီး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးရာသီတွင် မိုးစပါးလျာထားစိုက်ဧက ၉၇၇၇၅ အနက် ယနေ့အထိ ၆၈၃၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

တောင်တွင်းကြီးမြို့နယ်တွင် ယခင်နှစ်က မိုးရာသီ မိုးစပါးကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပိုးမွှားများကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေး ပြုလုပ်သုံးစွဲရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်း၍ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးမျိုး(ဗိသနိုးမြေ)**



# အိန္ဒိယ၏ အာကာသကဏ္ဍ – ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အရှိန်ယူပျံသန်းရာ စခန်းတစ်ခု

ပြင်ပအာကာသအတွင်း ပိုမိုကြီးမားလာသော ပြိုင်ဆိုင်မှုများသည် အိန္ဒိယနိုင်ငံအတွက် ထိပ်တိုက်ရင်ဆိုင်မှုများအစား ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသည့် အာကာသစူးစမ်းလေ့လာရေးပုံရိပ်တစ်ခုကို ပုံဖော်ရန် ထူးခြားသော အခွင့်အလမ်းတစ်ခုကို ပေးအပ်လျက်ရှိသည်။ စိတ်ချယုံကြည်ရပြီး ကုန်ကျစရိတ် သက်သာသော အာကာသဆိုင်ရာ နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံထားရသည့် အိန္ဒိယသည် ယခုအခါ မိမိ၏ နည်းပညာဆိုင်ရာ တိုးတက်မှုများကို သိပ္ပံပညာတိုးတက်ရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဓိကပံ့ပိုးပေးနိုင်မည့် ခိုင်မာသော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအဖြစ်သို့ ပြောင်းလဲရန် အသင့်ရှိနေပြီဖြစ်သည်။

အိန္ဒိယ၏ အာကာသခရီးစဉ်သည် ထူးခြားဆန်းသစ်ခဲ့သည်။ ပြိုင်ဆိုင်မှုများမှ ပေါ်ပေါက်လာခဲ့သော အာကာသအစီအစဉ်များစွာနှင့်မတူဘဲ အိန္ဒိယ၏ အစီအစဉ်ကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်တစ်ခုအဖြစ် မူလကတည်းက ပုံဖော်ဖန်တီးခဲ့ခြင်းဖြစ်သည်။ Dr. Vikram Sarabhai သည် အိန္ဒိယ၏ အာကာသမျှော်မှန်းချက်ကို သာမန်ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည့် လက်တွေ့ကျသော လျှောက်လှမ်းမှုများတွင် မဏ္ဍိုင်ပြုခဲ့သည်။ သူ၏ ဦးဆောင်မှုအောက်တွင် ဆက်သွယ်ရေး၊ မိုးလေဝသခန့်မှန်းရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိုက်ပျိုးရေးနှင့် ပညာရေးတို့ကို အားကောင်းစေမည့် ဂြိုဟ်တုများကို တည်ဆောက်ခဲ့သည်။ ဤဖွံ့ဖြိုးတိုးတက်မှုကို ဗဟိုပြုသော သဘောတရားသည် အိန္ဒိယ၏ အာကာသအစီအစဉ်တွင် မရှိမဖြစ် ပါဝင်နေဆဲဖြစ်ပြီး အဆင့်အတန်း ဂုဏ်ပုဒ်တစ်ခုတည်းထက် အာကာသနည်းပညာ၏ လက်တွေ့ကျသော အသုံးချမှုများကို လိုလားနေသည့် ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) နိုင်ငံများ၏ လိုအပ်ချက်များနှင့်လည်း အလွန်ထပ်တူကျလျက်ရှိသည်။

ယနေ့အချိန်တွင် အိန္ဒိယ၏ အောင်မြင်မှုများသည် ဖွံ့ဖြိုးရေးဆိုင်ရာ အသုံးချမှုများထက်မက ပိုမိုကျယ်ပြန့်လာခဲ့ပြီဖြစ်သည်။ Chandrayaan ခရီးစဉ်များ၊ "အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းဆိုင်ရာ" (Mars Orbiter) ခရီးစဉ်၊ Aditya-L1 နေရောင်ခြည် လေ့လာရေးစခန်းနှင့် ရှေ့ဆက်ပြုလုပ်မည့် Gaganyaan လူလိုက်ပါနိုင်သော အာကာသခရီးစဉ် စသည်တို့သည် အိန္ဒိယအား ဆန်းပြားစနစ်ကျပြီး ယုံကြည်စိတ်ချရသော အာကာသခရီးစဉ်များကို စွမ်းဆောင်နိုင်သည့် နိုင်ငံအဖြစ် စိုက်ထူပေးခဲ့သည်။ Chandrayaan-3 ၏ လ၏တောင်ဘက်စွန်းအနီး အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့မှုသည် အိန္ဒိယအား သီးသန့်အာကာသအင်အားကြီးအုပ်စုထဲသို့ ရောက်ရှိစေခဲ့ရုံမျှမက ကမ္ဘာ့အဆင့်မီ ဆန်းသစ်တီထွင်မှုကို နှိုင်းယှဉ်ချက်အရ သက်သာသော ကုန်ကျစရိတ်ဖြင့် အကောင်အထည်ဖော်နိုင်ကြောင်း သက်သေပြခဲ့သည်။

ကမ္ဘာ့အာကာသ စီးပွားရေးကဏ္ဍ လျင်မြန်စွာကျယ်ပြန့်လာချိန်တွင် အိန္ဒိယ၏တိုးတက်လာသော ယုံကြည်ကိုးစားခံရမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယနေ့တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ကျော် တန်ဖိုးရှိပြီး ၂၀၃၅ ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံနီးပါး ချဉ်းကပ်လာမည်ဟု ခန့်မှန်းရသော ဤကဏ္ဍသည် ဂြိုဟ်တုဆက်သွယ်ရေး၊ ကမ္ဘာမြေစောင့်ကြည့်ရေး၊ လမ်းကြောင်းပြစနစ်၊ ရာသီဥတုဆိုင်ရာဝန်ဆောင်မှုများ၊ ဘရော့ဘန်းအင်တာနက် ဆက်သွယ်မှုများနှင့် ဂြိုဟ်တုပတ်လမ်းကြောင်းတွင်းဝန်ဆောင်မှုပေးခြင်း၊ လကမ္ဘာစူးစမ်းလေ့လာခြင်းကဲ့သို့သော နယ်ပယ်များတွင် စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များက ပိုမိုမောင်းနှင်လျက်ရှိသည်။ နိုင်ငံအများအပြားသည် ပါဝင်ဆောင်ရွက်လိုကြသော်လည်း ကိုယ်ပိုင်စွမ်းဆောင်ရည် နည်းပါးလျက်ရှိသည်။ ၎င်းတို့ သည် ဒုံးပျံလွှတ်တင်ပေးသူ သက်သက်ထက်စာလျှင် ရေရှည် အားကိုးရသော ပူးပေါင်းဆောင်ရွက်သူများကိုသာ ရှာဖွေနေကြ သည်။

အိန္ဒိယတွင် ဤလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စွမ်းဆောင်ရည်များ ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အာကာသကဏ္ဍကို ဖြေလျှော့ပေးခဲ့ခြင်းသည် ပုဂ္ဂလိက ပါဝင်ခွင့်ကို ဖွင့်လှစ်ပေးခဲ့ပြီး ဂေဟစနစ်ကို ပြောင်းလဲစေခဲ့သည်။ အိန္ဒိယအမျိုးသားအာကာသမြှင့်တင်ရေးနှင့် ခွင့်ပြုရေးစခန်း (IN-SPACe) ကို ထူထောင်ခြင်း၊ New Space India Limited ၏ တိုးတက်လာသော စီးပွားရေးအခန်းကဏ္ဍနှင့် ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်လာခြင်းတို့သည် ကမ္ဘာပေါ်တွင် အတက်ကြွဆုံး အာကာသဂေဟစနစ်များထဲမှတစ်ခုကို ဖန်တီးပေးခဲ့သည်။ အိန္ဒိယ၏ စတင်တည်ထောင်စလုပ်ငန်းများသည် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် အဝယ်တော်များကို ဆွဲဆောင်နိုင်သည့် ဒုံးပျံလွှတ်တင်ရေးယာဉ်များ၊ ဂြိုဟ်တုပလက်ဖောင်းများ၊ ပထဝီဝင်အာကာသဆိုင်ရာအသုံးချမှုများနှင့် ဒုံးပျံတွန်းအားပေးနည်းပညာများကို တည်ဆောက်နေကြသည်။ Skyroot Aerospace, Pixxel နှင့် Agnikul Cosmos ကဲ့သို့သော ကုမ္ပဏီများသည် အိန္ဒိယပုဂ္ဂလိက လုပ်ငန်းများသည် အဆင့်မြင့် အာကာသနည်းပညာများတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ကြောင်း ပြသခဲ့ပြီးဖြစ်သည်။

နောက်တစ်ဆင့်မှာ ဤဂေဟစနစ်ကို နိုင်ငံတကာအဆင့်သို့ တိုးချဲ့ရန် ဖြစ်သည်။

ကုန်ကျစရိတ်သက်သာသော ဒုံးပျံလွှတ်တင်ရေး နေရာတစ်ခုအဖြစ်သာမကဘဲ အိန္ဒိယသည် ဂြိုဟ်တုဒီဇိုင်း၊ လွှတ်တင်ရေးဝန်ဆောင်မှုများ၊ အာကာသခရီးစဉ်လုပ်ငန်းစဉ်များ၊ မြေပြင်စခန်းများ၊ အာကာသယာဉ်မှူး လေ့ကျင့်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ပင်လယ်ပြင်လုံခြုံရေးဆိုင်ရာ အောက်ခြေအသုံးချမှုများ ပါဝင်သည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို ပေးအပ်သွားမည်ဖြစ်သည်။ ဤသို့ ဘက်စုံ ပါဝင်သော ပူးပေါင်းဆောင်ရွက်မှုများသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးများကို ဖြည့်ဆည်းရန် ကုန်ကျစရိတ်သက်သာပြီး မိမိတို့နှင့်ကိုက်ညီအောင် ပြင်ဆင်နိုင်သော၊ ယုံကြည်စိတ်ချရသောနည်းပညာများကို ရှာဖွေနေသည့် ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် အိန္ဒိယ-ပစိဖိတ် ဒေသတစ်လျှောက်ရှိ နိုင်ငံများအတွက် အလွန်တန်ဖိုးရှိမည်ဖြစ်သည်။

အိန္ဒိယသည် ဤသို့သော ပူးပေါင်းဆောင်ရွက်မှု၏ သံတမန်ရေးရာတန်ဖိုးကို ပြသခဲ့ပြီးဖြစ်သည်။ တောင်အာရှဂြိုဟ်တုမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများအတွက် ဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပေးအပ်ခဲ့သည်။ အိန္ဒိယ ဒုံးပျံလွှတ်တင်ရေးယာဉ်များသည် ကမ္ဘာတစ်ဝန်းရှိ အစိုးရများ၊ တက္ကသိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် နိုင်ငံခြားဂြိုဟ်တု ရာပေါင်းများစွာကို အာကာသပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ပေးခဲ့သည်။ အာတဲမစ်သဘောတူညီချက်များ (Artemis Accords) တွင် ပါဝင်ရန် အိန္ဒိယ၏ ဆုံးဖြတ်ချက်သည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် လကမ္ဘာကို ငြိမ်းချမ်းစွာ စူးစမ်းလေ့လာရေးတွင် ပါဝင်လိုသည့်ဆန္ဒကို ပေါ်လွင်စေသည်။ NASA၊ ဥရောပ အာကာသအေဂျင်စီ (ESA) နှင့် JAXA တို့နှင့် ပူးပေါင်းဆောင်ရွက်မှုသည် အိန္ဒိယ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းစေခဲ့သည်။

ဤပူးပေါင်းဆောင်ရွက်မှုများသည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ ဦးဆောင်အသံတစ်ခုအဖြစ် အိန္ဒိယ၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေသည်။ အိန္ဒိယသည် နည်းပညာဆိုင်ရာ မှီခိုမှုကို ဖန်တီးပေးခြင်းထက် သက်သာသော ကုန်ကျစရိတ်၊ ယုံကြည်စိတ်ချရမှုနှင့် အပြန်အလှန်လေးစားမှုတို့အပေါ် အခြေခံသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပေးအပ်သည်။ ထို့ကြောင့် အာကာသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အိန္ဒိယသံတမန်ရေးရာ၏ ပိုမိုအရေးပါသော လက်နက်တစ်ခုဖြစ်လာခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုအားကောင်းစေကာ လက်တွေ့ကျသော ဖွံ့ဖြိုးရေး အကျိုးကျေးဇူးများကို ပေးအပ်လျက်ရှိသည်။

၎င်း၏ စွမ်းဆောင်ရည်အပြည့်ကို ဖော်ထုတ်နိုင်ရန် အိန္ဒိယသည် ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ထိန်းသိမ်းထားရန် ရည်ရွယ်မည်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ခွင့်ပြုချက်များ ပိုမိုမြန်ဆန်ခြင်း၊ စွန့်စားရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများကို ပိုမိုရရှိနိုင်ခြင်း၊ မူပိုင်ခွင့်ကာကွယ်ရေး ပိုမိုအားကောင်းခြင်းနှင့် သုတေသနအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများနှင့် ပညာရှင်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ်သည်။ အစိုးရ၏ ပစ္စည်းဝယ်ယူရေးမူဝါဒများသည် အိန္ဒိယစတင်တည်ထောင်စလုပ်ငန်းများကို ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ပြီး၊ ၎င်းတို့အား တိုးချဲ့ရန်၊ ဆန်းသစ်တီထွင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များတွင် ပေါင်းစည်းနိုင်ရန် ကူညီပေးမည်ဖြစ်သည်။

အိန္ဒိယသည် ပြင်ပအာကာသစီမံခန့်ခွဲမှု ပုံဖော်ရာတွင် ပိုမိုကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ရန် အနေအထားတွင် ရှိနေသည်။ အာကာသပတ်လမ်းကြောင်း ပြည့်ကျပ်မှု၊ အာကာသအမှိုက်များ၊ အရင်းအမြစ်များကို တာဝန်သိစွာ အသုံးပြုမှုနှင့် ပေါ်ထွက်လာသည့် အာကာသ အခွင့်အလမ်းများကို မျှတစွာ ရရှိနိုင်မှုတို့သည် တိုက်တွန်းတောင်းဆိုနေရသော နိုင်ငံတကာ စိုးရိမ်ပူပန်မှုများ ဖြစ်လာနေသည်။ အာကာသလုပ်ဆောင်ချက်များ ကျယ်ပြန့်လာသည်နှင့်အမျှ တာဝန်သိသော စံနှုန်းများနှင့် အလေ့အထများအပေါ် ဘုံသဘောတူညီချက်တည်ဆောက်နိုင်သော နိုင်ငံများအတွက် လိုအပ်ချက် ပိုမိုများပြားလာမည်ဖြစ်သည်။ အိန္ဒိယ၏ ပြင်ပအာကာသကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် ကတိကဝတ်ပြုထားမှုသည် ၎င်း၏ တိုးတက်လာသော နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များနှင့် ပေါင်းစပ်လိုက်သောအခါ ပွင့်လင်းမြင်သာမှု၊ ရေရှည်တည်တံ့မှုနှင့် မျှတသော ရရှိနိုင်မှုတို့ကို မြှင့်တင်ပေးသည့် စည်းမျဉ်းများ ဖန်တီးရာတွင် အဓိပ္ပာယ်ရှိစွာ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

လာမည့် ဆယ်စုနှစ်သည် မည်သည့်နိုင်ငံက အာကာသတွင် ဦးဆောင်မည်ကိုသာမက အာကာသကို မည်သို့စီမံခန့်ခွဲမည်ဆိုသည်ကိုပါ ဆုံးဖြတ်ပေးမည်ဖြစ်သည်။ သိပ္ပံဆိုင်ရာစွမ်းဆောင်ရည်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဂေဟစနစ်နှင့် နိုင်ငံတကာ ယုံကြည်ကိုးစားမှုတို့ဖြင့် အိန္ဒိယသည် ဝါရင့်အာကာသနိုင်ငံများနှင့် ပေါ်သစ်စ အာကာသနိုင်ငံများအကြား ပေါင်းကူးပေးနိုင်ရန် သီးသန့်နေရာတစ်ခုတွင် ရှိနေသည်။ အားလုံးပါဝင်နိုင်မှု၊ အပြန်အလှန်အကျိုးရှိမှုနှင့် ဆန်းသစ်တီထွင်မှုတို့အပေါ် အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်ခြင်းဖြင့် အိန္ဒိယသည် မိမိ၏ အာကာသအစီအစဉ်ကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ပင်မထောက်တိုင်တစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်သည်။

ပိုမိုစိတ်ဝမ်းကွဲပြားလာသော ကမ္ဘာကြီးတွင် အိန္ဒိယ၏ အာကာသကဏ္ဍသည် အာကာသအတွင်း အကြီးမားဆုံးသော အောင်မြင်မှုများသည် နိုင်ငံများကို စည်းလုံးစေသည့် အောင်မြင်မှုများဖြစ်ကြောင်း အင်အားပါပါ သတိပေးနေသည်။ ထိုအချက်သည်ပင် ကာလရှည်ကြာတည်တံ့မည့် ကမ္ဘာ့အနာဂတ် နယ်ပယ်သစ်အတွက် အိန္ဒိယ၏ အကြီးမားဆုံးသော ပံ့ပိုးမှု ဖြစ်လာပေလိမ့်မည်။

**Gurjit Singh**

**(သံအမတ်ကြီးဟောင်းနှင့် စာရေးဆရာ)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# စာအုပ်ခင်းကျင်း

ဖော်ညွှန်းသီ




စာအုပ်အမည် - ဒေါက်တာဂိုးဘဲလ်
စာရေးသူ - မောင်သိန်းအောင်(နိုင်ငံခြားငွေ)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချို စာပေ
စာမျက်နှာ - ၂၆၃ မျက်နှာ
တန်ဖိုး - ၁၁၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(တတိယအကြိမ်)

အတ္ထုပ္ပတ္တိစာအုပ်ဖြစ်ပြီး ၁၉၇၉ ခုနှစ်က ချင်းတွင်းစာပေတိုက်မှ ပထမအကြိမ်ထွက်ရှိခဲ့သည်။ယခုစာအုပ်မှာ ၂၀၀၁ ခုနှစ် ရာပြည့်စာအုပ်တိုက်၏ ဒုတိယအကြိမ်ထုတ်မှုအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သည်။

၎င်းစာအုပ်၏ထူးခြားချက်မှာ စာအုပ်တစ်အုပ်တည်းကို မြန်မာပြန်ဆိုခြင်းမဟုတ်ဘဲ ဂိုးဘဲလ်နှင့်ပတ်သက်သော နိုင်ငံခြားစာအုပ်အများအပြားကိုဖတ်ရှုလေ့လာပြီးမှ ပြုစုရေးသားထားခြင်းဖြစ်သည်။

စာအုပ်တွင် ပထမကမ္ဘာစစ်ကြီး၌ စစ်ရှုံးခဲ့သော ဂျာမနီနိုင်ငံအခြေအနေမှစ၍ ငယ်စဉ်ကျွန်းမာရေးချို့တဲ့ပြီး စာအုပ်များဖြင့်သာ အထီးကျန်ဖြတ်သန်းခဲ့ရသော ဂိုးဘဲလ်၏လူငယ်ဘဝနှင့် ပညာထူးချွန်ကာ ဒေါက်တာဘွဲ့ဆွတ်ခူးရရှိခဲ့သော ဘဝအထွေထွေကို စိတ်ဝင်စားဖွယ်ဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---




စာအုပ်အမည် - ဆရာကြီးဂုဏ်ထူး ဦးသိန်းနိုင်မွေးနေ့ (၉၀)ပြည့် အမှတ်တရ ဂုဏ်ထူးစာစောင်
စာရေးသူ - ကလောင်စုံ
ထုတ်ဝေသည့်စာပေတိုက် - AMK Creation စာပေ
တန်ဖိုး - ၃၅၀၀၀ ကျပ်
စာမျက်နှာ - ၅၁၂ မျက်နှာ
မျက်နှာဖုံးပန်းချီ - တင်ထွဏ်း
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ

ဆရာကြီးဂုဏ်ထူး ဦးသိန်းနိုင် ကွယ်လွန်ပြီးနောက် ထွက်ရှိလာသော စာအုပ်ကြီးဖြစ်ပြီး စာအုပ်စီစဉ်သူ ဆရာအောင်စိုးဦး၏မိတ်ဆက်စကား၊ သမီးကြီးဖြစ်သူ ဆရာမ မမနိုင်(ရုပ်သေး)၏အမှာစာတို့နှင့်အတူ ကဗျာကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ ကဗျာအလှစာအလှ၊ မြန်မာချစ်ကဏ္ဍ၊ ဓာတ်ပုံကဏ္ဍတို့ ပါရှိသည်။

ဂုဏ်ထူးဦးသိန်းနိုင်(မောင်သိန်းနိုင်)၊ တင်မိုး၊ မောင်စွမ်းရည်၊ စောလူ၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဦးအောင်သောင်း၊ ဒေါက်တာတိုးလှ၊ ဦးအေးချို(မဟာဝိဇ္ဇာ)၊ သုရဇော်၊ ကြူကြူသင်း၊ ဒေါက်တာမြင့်ဇံ၊ ဒေါက်တာခင်မောင်ညို၊ မောင်မျက်ရှင်၊ ဆူးငှက်၊ ကျော်ရင်မြင့်၊ ညွှန့်ဟဲ(ကြူတော)၊ မမိုးမြေ၊ ရွှေကူမေနှင်း၊ မြတ်သင်း၊ ဒေါက်တာတင်မောင်ထွန်း၊ မောင်သင်းပန်၊ ဇိုးနိုင်(မန္တလေးတက္ကသိုလ်)၊ အိမ်တင်အေး(ပုလဲ)၊ မောင်မြတ်ရည်(မန်းတက္ကသိုလ်)၊ ခင်မောင်သန်း(ဒဿနပညာ)၊ မူးတေဇ၊ ဒေါက်တာမောင်မောင်လေး(မြန်မာစာ)၊ ရွှေဘိုတူးမာ၊ ရှေ့နေမောင်မောင်ညို၊ TTO၊ မောင်အောင်ဝင်းမန်း၊ အောင်ကြည်ညွှန့်၊ မြတ်စိုး(လှိုင်)၊ ရေနံ့သာဝင်းမောင်၊ မမနိုင်(ရုပ်သေး)၊ ဒေါက်တာထွေးထွေးနိုင်၊ လင်းခက်မြိုင်၊ မောင်ရင်မာ(ကျောင်းကုန်း)၊ ငြိမ်းမင်း၊ ဟိန်းလတ်၊ ကိုရိုးကွန့်၊ မြသန္တာ၊ ဝါဝါထင်လင်း၊ မောင်ခေတ်ထွန်း၊ အောင်စိုးဦးတို့၏ စာစုများပါရှိပြီး ဆရာမန်ကျည်းဇုမ် ဖုန်း ၀၉-၇၉၂၃၆၅၃၂၄ ထံမှ ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## မိုက်မှောင်ထဲမှ ရန်းထကြ

* တွေ့ဆုံခဏ လူ့ဘဝ၌
လူအချင်းချင်း လှည့်ပတ်ခြင်းတွေ
ကင်းရှင်းကြစေ တောင်းဆုခြွေသည်
ဝေနေယျအား မေတ္တာပွားလျက်
ထောက်ထားစာနာ မုဒိတာဖြင့်
သဒ္ဓါကြည်ဖြူ မရှိသူကို
ပေးလှူကောင်းမှု ကုသိုလ်ပြုကြ ။

* "ငါ"စွဲအတ္တ မာန်မာနနှင့်
သူတစ်ပါးပေါ် နင်းဖြတ်ကျော်က
သေသော်မလွဲ ဘုံငရဲသို့
အမြဲကျရောက် မလွတ်မြောက်ဘဲ
ထွက်ပေါက်မရှိ ဝဋ်ကြွေးပိကာ
ပြုမိသည့်ကံ ပဲ့တင်သံကား
ကိုယ့်ထံသို့သာ တန်ပြန်လာမည် ။

* ရှိစဉ်ယခု ဒါနပြုလို့
အကုသိုလ်ရှောင် ကုသိုလ်ဆောင်၍
မိုက်မှောင်ထဲမှ ရန်းထကြလော့
ဘာဝနာပွား စိတ်ကောင်းထားလျက်
တရားဖက်ကာ သီလပါမှ
အိုနာသေဘေး ရတက်အေးလိမ့်
ငြိမ်းအေးအမှန် မြတ်နိဗ္ဗာန်တည်း ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

# လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်း ကျင်းပ

**လယ်ဝေး ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသားလူငယ်များ စာပေဗဟုသုတများပိုမိုရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



စာဖတ်ဝိုင်းတွင် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းနာယက ဦးသန်းအောင်(စာရေးဆရာမောင်လူအေး)က မိတ်ဆက် စကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း၊ Book Club နှင့် စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာမကြီးခင်စောတင့် ရေးသားသည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်ဖြင့် အသီးသီးဆွေးနွေးကြပြီး စာရေးဆရာ၊ ဆရာမများက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ သုတရသစာအုပ်၊ စာစောင်များအား တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ရေနုတ်မြောင်းသည် အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။



**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၁)၊ ဦးပိုင်အမှတ်(၆၃-ခဲစင်း)၊ ၆၄ လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာရီ(၉/မရမ(နိုင်)၀၇၁၁၉၉)၊ ဒေါ်တင်တင်ဝေ(၉/မရမ(နိုင်)၀၇၁၂၀၂)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်အမှတ်(၆၁-ခ)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၀၄လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ငွေ(၉/မနတ(နိုင်)၀၃၄၇၉၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၂)၊ ဦးပိုင်အမှတ်(၂၉ ခဲစင်းအရှေ့ခြမ်း)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းရွှေ(၉/မရမ(နိုင်)၀၆၉၇၅၉)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၇၂)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၂ လမ်းနှင့် ၁၁၃လမ်းကြားရှိ ဦးခင်မောင်သန်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးနိုင်နိုင်ဦး၊ ဒေါ်သပြေအောင်တို့က တရားပြိုင် ဦးခင်မောင်သန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၀၉/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးနိုင်နိုင်ဦး(၁၃/တမည(နိုင်)၀၀၂၆၈၄)၊ ဒေါ်သပြေအောင်(၉/မကန(နိုင်)၁၈၁၃၈၆)တို့က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၆၇)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅ လမ်းကြားရှိ ဦးစံမြင့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ဂျူးဂျူးက တရားပြိုင် ဦးစံမြင့် (၎င်း၏ SP စာရရှိသူ ဦးညွန့်ဝင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၇/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ဂျူးဂျူး(၉/မဟမ(နိုင်)၀၄၂၇၈၂)က ၂၄၀၀ဝ/၊ ၄၀၀ဝ/၊ ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၉)၊ ဦးပိုင်အမှတ်(၂၆)၊ ၄၉လမ်းနှင့် လမ်း၅၀ ကြား၊ ၁၀၉လမ်းနှင့် ၁၁၀ လမ်းကြားရှိ တပ်ကြပ်သိန်းဝင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်တင်တင်နိုင်၊ ဒေါ်နန်းဆုမွန်တို့က တရားပြိုင် တပ်ကြပ်သိန်းဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၃/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်တင်တင်နိုင်(၉/မကန(နိုင်)၀၇၇၉၆၅)၊ ဒေါ်နန်းဆုမွန်(၉/မကန(နိုင်)၁၁၀၈၈၁)တို့က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၆၀)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆ လမ်းကြားရှိ ဦးမင်းနိုင်စိုး၊ ဒေါ်ခင်မာလာထူးတို့ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ထွင့်ယဉ်က တရားပြိုင် ဦးမင်းနိုင်စိုး၊ ဒေါ်ခင်မာလာထူးတို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ထွင့်ယဉ်(၁/မညန(နိုင်)၀၇၁၄၈၅)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနေအောင်(၈/ပခက(နိုင်)၁၀၀၂၈၁)၊ ဦးဇော်ထက်(၈/ပခက(နိုင်)၀၀၂၂၅၇)တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၄)၊ ဦးပိုင်အမှတ်(၅၄-က)၊ ၆၅လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ဝင်း(၉/မရတ(နိုင်)၀၉၆၃၂၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၁)၊ ဦးပိုင်အမှတ်(၁၃)၊ ၁၀၄လမ်း၊ ၆၄လမ်းနှင့် ၆၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာအောင်(ခ)စန္ဒာဝင်း(၉/မရတ(နိုင်)၀၆၄၅၁၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၅)၊ ဦးပိုင်အမှတ်(၉-ခ)၊ ၈၂လမ်း၊ ၁၈လမ်းနှင့် ၁၉လမ်းကြားရှိ ဦးခင်မောင်ရည်(ခ)ခင်မောင်ရီ၊ ဇနီး ဒေါ်မြမြ အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးခင်မောင်ရည်(ခ)ဦးခင်မောင်ရီ ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်မြမြ(၉/မနမ(နိုင်)၀၄၅၁၉၃) (AE-၀၁၃၇၂၇)က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၈)၊ ဦးပိုင်အမှတ်(၁၁)၊ ၁၀၉လမ်း၊ လမ်း ၅၀ ထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်သားစိုးတင့်(၉/မနမ(နိုင်)၀၈၄၈၂၂)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၁၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလိုဖူချန်(၁၃/မဆတ(နိုင်)၀၁၈၁၃၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်အမှတ်(၂၉)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သောင်းသောင်းဝင်း(၉/မရတ(နိုင်)၀၈၉၈၅၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၁၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစန်းတင့်(၈/မမန(နိုင်)၀၁၀၂၃၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ ၁၀လမ်းနှင့် ၁၁လမ်းကြားရှိ ဦးသက်ထွန်း၊ ဒေါ်တင်တင်အေး အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးသက်ထွန်း ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်တင်တင်အေး(၉/မနမ(နိုင်)၀၈၂၁၁၆)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၅၅)၊ ဦးပိုင်အမှတ်(၄၄)၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဒေါ်ဆုမျက်ချယ်(ခ)စိမ်းရွှေစင်(ပါ-၄)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား ၎င်းတို့ထဲမှ ဒေါ်အိမ့်သက်လယ်(အပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သူ ပူးတွဲအမည်ပေါက်သူ မောင်နှမများဖြစ်ကြသည့် ဒေါ်ဆုမျက်ချယ်(ခ)စိမ်းရွှေစင်(၉/မဟမ(နိုင်)၀၁၂၄၇၆)၊ ဦးသီဟစိုး(၁၂/ပဇတ(နိုင်)၀၃၃၉၁၆)၊ ဒေါ်ဂျူးသက်လယ်(၁၂/ပဇတ(နိုင်)၀၃၃၉၁၇)တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၅၅)၊ ဦးပိုင်အမှတ်(၄၃-က)၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ ၃၈လမ်းနှင့် ၃၉ လမ်းကြားရှိ ဒေါ်ဆုမျက်ချယ်(ခ)စိမ်းရွှေစင်(ပါ-၄)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား ၎င်းတို့ထဲမှ ဒေါ်အိမ့်သက်လယ်(အပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သူ ပူးတွဲအမည်ပေါက်သူ မောင်နှမများဖြစ်ကြသည့် ဒေါ်ဆုမျက်ချယ်(ခ)စိမ်းရွှေစင်(၉/မဟမ(နိုင်)၀၁၂၄၇၆)၊ ဦးသီဟစိုး(၁၂/ပဇတ(နိုင်)၀၃၃၉၁၆)၊ ဒေါ်ဂျူးသက်လယ်(၁၂/ပဇတ(နိုင်)၀၃၃၉၁၇)တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဥယျာဉ်တန်း-ခ)၊ ဦးပိုင်အမှတ်(၂ ခဲစင်းမြောက်ခြမ်း)၊ ၆၆လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ ဦးချစ်လှိုင်၊ ဦးကျော်ကျော်တို့ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်စောမြက တရားပြိုင် ဦးချစ်လှိုင်၊ ဦးကျော်ကျော်တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စောမြ(၉/မရမ(နိုင်)၀၁၄၁၂၆)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၃)၊ ဦးပိုင်အမှတ်(၆၉)၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ လမ်း ၆၀ နှင့် ၆၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ရင်(၉/မရမ(နိုင်)၀၄၆၂၈၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၅၁/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယင်ဖုံ(ခ)လုလုသင်း(၉/မနတ(နိုင်)၀၃၁၅၀၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၉၇)၊ ဦးပိုင်အမှတ်(၁-ဃ + ၁-င)အတွင်းမှ ၁-င ခဲစင်းအလယ်ခြမ်း၊ လမ်း ၉၀နှင့် ၉၁လမ်းကြား၊ ၄၂လမ်းနှင့် ၄၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း(၁၂/ဥကတ(နိုင်)၀၄၈၇၁၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၀၀၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်သန်းမြင့်(၈/ပခက(နိုင်)၀၄၉၅၀၆)က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဥယျာဉ်တန်း-ခ)၊ ဦးပိုင်အမှတ်(၂ ခဲစင်းတောင်ခြမ်း)၊ ၆၆လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ ဦးချစ်လှိုင်၊ ဦးကျော်ကျော်တို့ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးကျော်သူအောင်က တရားပြိုင် ဦးချစ်လှိုင်၊ ဦးကျော်ကျော်တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးကျော်သူအောင်(၉/မဟမ(နိုင်)၀၁၄၉၅၆)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစောမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတဦးညိုစောသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံ ဆွေးနွေးပွဲများနှင့် စီးပွားရေးဖိုရမ်များ ကျင်းပနိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား သဘောတူညီချက်နှင့် နားလည်မှု စာချွန်လွှာများ လက်မှတ် ရေးထိုးနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရလဒ်ကောင်းများ ရရှိခဲ့မှု၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင် အစရှိသည့်ကဏ္ဍများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နေမှုနှင့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၈

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**မိုး/ဇလ**

# ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်ယူဆောင်သွားသူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၂၈

ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်ယူဆောင်သွားသူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စာမျက်နှာ ၉ သို့ ■

တရားခံအမျိုးသား နှစ်ဦးအား သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



# တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်ကာ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

စာမျက်နှာ ၁၂ သို့ ✪

# ဂျပန်နိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာ လူငယ်ဖိတ်ခေါ် ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၁၇ အသင်း ဖိတ်ကြားခံရ

**ရန်ကုန် ဩဂုတ် ၂၈**

ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ဂျပန်နိုင်ငံ၊ နီဂါတာမြို့၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် "2026 International Youth Football in Niigata" ပြိုင်ပွဲသို့ မြန်မာလူငယ်အသင်း ပါဝင်ယှဉ်ပြိုင်ရန် (JFA)မှ ဖိတ်ကြားခဲ့ရာ မြန်မာ U-17 အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းအား MFF မှစေလွှတ်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသည် ဂျပန်နိုင်ငံ၊ နီဂါတာမြို့တွင် နှစ်ပေါင်း ၂၀ ကျော်တိုင် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလာခဲ့သည့် နိုင်ငံတကာ U-17 ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖြစ်သည်။ ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)နှင့် နီဂါတာဒေသ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး 2026 FIFA U-17 World Cup အပါအဝင် နိုင်ငံတကာပြိုင်ပွဲကြီးများ မတိုင်မီ လူငယ်ကစားသမားများ၏ အရည်အသွေးကို စမ်းသပ်ရန်နှင့် အတွေ့အကြုံရရှိရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်သည်။

ယခုနှစ် ပြိုင်ပွဲတွင် အိမ်ရှင်ဂျပန် U-17 အသင်း၊ နီဂါတာလက်ရွေးစင်အသင်း(Niigata Selection Team)နှင့် ဖိတ်ခေါ်အမျိုးသား U-17 လက်ရွေးစင်အသင်းများဖြစ်ကြသည့် မြန်မာ U-17 အသင်းနှင့် နယူးဇီလန် U-17 အသင်းတို့သည် ပတ်လည်စနစ်(Round-robin)ဖြင့် တစ်သင်းလျှင် သုံးပွဲစီ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် အသင်းက ချန်ပီယံဆုကို ဆွတ်ခူးရရှိမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀

